## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၄ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ ကော်မရှင်လုပ်ငန်းတာဝန်များဆောင်ရွက်လျက်ရှိရာတွင် ကော်မရှင်၏ ဆောင်ရွက်ချက်များကို ပြည်သူအများသိရှိနိုင်ကြစေရန်အတွက် ၂၀၁၁ ခုနှစ်မှ စတင်၍ နှစ်ပတ်လည်အစီရင်ခံစာကို နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။ ၂၀၂၄ ခုနှစ် အစီရင်ခံစာကို မြန်မာ၊အင်္ဂလိပ် နှစ်ဘာသာဖြင့် ၂၀၂၅ ခုနှစ် မတ်လတွင် ပုံနှိပ်ထုတ်ပြန်ခဲ့ပါသည်။ ယင်း အစီရင်ခံစာကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ website ဖြစ်သည့် http://mnhrc.org.mm တွင် လွှင့်တင်ဖော်ပြထားပါသည်။

၂။ ၂၀၂၄ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေးလုပ်ငန်းများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ လူ့အခွင့်အရေးနှင့်စပ်လျဉ်းပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ ဥပဒေရေးရာဆောင်ရွက်ချက်များနှင့် ကော်မရှင်ရုံးမှ ဌာန (၆) ခု ဆောင်ရွက်ချက်များ ပါဝင်ပါသည်။ ကော်မရှင်၏ ၂၀၂၄ ခုနှစ်အတွင်း လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး ဆောင်ရွက်ချက်များတွင် လူ့အခွင့်အရေးသင်ခန်းစာပို့ချမှု အကြိမ် (၇၀)၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ တိုင်းရင်းသားဘာသာ (၉) မျိုး ပြန်ဆိုပုံနှိပ်ထုတ်ဝေခြင်း၊ သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်း၊ ကော်မရှင်၏ ဆောင်ရွက်ချက်များကို e-newsletter ထုတ်ဝေခြင်းများ ပါဝင်ပါသည်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ တွင် တိုင်တန်းစာများ စုံစမ်းစစ်ဆေးခြင်း၊ ရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းများ အပါအဝင် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း (၅၅) ခု၊ လူငယ်သင်တန်းကျောင်း (၈) ခု၊ မသန်စွမ်းကျောင်း (၁) ခု၊ ဘိုးဘွားရိပ်သာ (၁၀) ခု တို့သို့ သွားရောက်စစ်ဆေးခဲ့ခြင်းနှင့် တွေ့ရှိချက်များအပေါ် အကြံပြုချက်စုစုပေါင်း (၃၁၄) ချက်ကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ခြင်းတို့ ပါဝင်ပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၀၂၄ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဝေဖန်အကြံပြုလိုပါက ကော်မရှင်ရုံး အမှတ် (၂၇)၊ ပြည်လမ်း၊ (၆) မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ အီးမေးလ် info@mnhrc.org.mm သို့ လည်းကောင်း ပေးပို့နိုင်ပါသည်။

**Publication of the Myanmar National Human Rights Commission's**
**2024 Annual Report**

1. The Myanmar National Human Rights Commission (MNHRC) has been carrying out its mandates in accordance with the duties and powers stipulated in the Commission's enabling law. To ensure public awareness of its activities, the Commission has been publishing annual reports since 2011. The 2024 Annual Report has been printed and released in both Myanmar and English languages in March 2025 and is uploaded on the Commission's official website: http://mnhrc.org.mm.

2. The 2024 Annual Report covers the Commission's activities of human rights promotion and education, human rights protection, international relations on human rights, legal measures, and the operations of its six divisions. In 2024, the Commission carried out 70 human rights education sessions as part of its awareness-raising efforts. In collaboration with the Ministry of Ethnic Affairs, the Universal Declaration of Human Rights was translated and printed in nine ethnic languages. The Commission also issued official statements and published e-newsletter throughout the year. As part of its human rights protection activities, the Commission carried out investigations into complaints and conducted inspections at 55 facilities, including prisons, jails, labour camps, police lock-ups, and court detention centres. Additionally, inspections were conducted at eight youth training schools, one school for persons with disabilities, and ten homes for the aged. Based on the findings from these visits, a total of 314 recommendations were sent to the respective authorities.

3. Feedback or suggestions concerning the 2024 Annual Report of MNHRC may be submitted to the Commission's office at No. (27), Pyay Road, 6 ½ mile, Hlaing Township, Yangon, or sent via email to: **info@mnhrc.org.mm**.